WISCONSIN DEPARTMENT of HEALTH SERVICES

# Sandata Fixed Visit Verification

# (ပုံသေသတ်မှတ်ထားသည့် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးခြင်းအတွက် စိစစ်အတည်ပြုမှု)

**(Sandata Fixed Visit Verification)**

P-02753BU (11/2021)

# အကျဉ်းချုပ် ရည်ရွယ်ချက်များ

- FVV အကြောင်းအရာအကျဉ်း
- FVV စက် တောင်းဆိုမှု
- FVV လုပ်ငန်းစဉ်
- FVV စက် ပြန်လည်အပ်နှံမှု
- FVV အစီရင်ခံစာ
- FVV ပြဿနာဖြေရှင်းခြင်း

# အဓိက ဝေါဟာရများ

- Fixed Visit Verification (ပုံသေသတ်မှတ်ထားသည့် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးခြင်းအတွက် စိစစ်အတည်ပြုမှု) (FVV)—သည် ဝန်ဆောင်မှုရယူသူ၏ နေအိမ်ရှိ စက်မှနေ၍ စာရင်းသွင်း/ထုတ် အချက်အလက်ကို အီလက်ထရွန်းနစ်စနစ်ဖြင့် ရိုက်ကူးနိုင်မည့် အလုပ်သမားများအတွက် နည်းလမ်းတစ်ခုဖြစ်သည်။
- ဂဏန်းများပါဝင်သည့် ကုဒ်—၎င်းသည်မှာ ခလုတ်ကို တွန်းသည့်အခါ FVV စက်ပေါ်တွင် ပြသထားသည့် ဂဏန်းခြောက်လုံးပါဝင်သော ကိန်းဖြစ်သည်။
- အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးခြင်း—နေအိမ်ရှိ ဝန်ဆောင်မှုရယူသူထံသို့ လူကိုယ်တိုင် သွားရောက်၍ ဝန်ဆောင်မှုပေးခြင်းဖြစ်သည်။

# အဓိက ဝေါဟာရများ

- ဝန်ဆောင်မှုရယူသူ—Wisconsin Medicaid မှတဆင့် ဝန်ဆောင်မှုများအား လက်ခံရရှိသည့် အဖွဲ့ဝင် သို့မဟုတ် ပါဝင်သူ
- Employee (ဝန်ထမ်း)—ဝန်ဆောင်မှု ရယူသူတစ်ဦး သို့မဟုတ် အများကို စောင့်ရှောက်မှုပေးရသော လူတစ်ဦး (အလုပ်သမား)
- Santrax ID—ForwardHealth Portal (ပေါ်တယ်လ်) မှ ထုတ်ပေးသည့် အလုပ်သမားကို ခွဲခြားသတ်မှတ်နိုင်မည့် သီးသန့် နံပါတ်

WISCONSIN DEPARTMENT of HEALTH SERVICES

# FVV

# အကြောင်းအရာအကျဉ်း

# FVV အကြောင်းအရာအကျဉ်း

- FVV သည် အိမ်တွင်း မျက်နှာပြင်တစ်ခုတွင် တပ်ဆင်ရသော အီလက်ထရောနစ် ကိရိယာ အသေးစားတစ်ခုကို အသုံးပြုသည်။
- FVV စက်သည် Sandata စနစ်အတွင်း အချိန်နှင့် ရက်စွဲကို ပြန်ဆိုပေးသည့် ဂဏာန်းခြောက်လုံးပါဝင်သော ကုဒ်ကို ထုတ်ပေးသည်။
- ကိရိယာတွင် Sandata ဝန်ဆောင်မှုရယူသူ ID နှင့် Sandata ဝန်ဆောင်မှုပေးသည့် အေဂျင်စီ ID ကို ကပ်ထားပါမည်။



# FVV အကြောင်းအရာအကျဉ်း

- FVV ကိရိယာသည် ဒေတာ စုဆောင်းသိမ်းဆည်းခြင်းအတွက် **နောက်ဆုံး အသုံးပြုနိုင်သည့်** နည်းလမ်းဖြစ်သည်။
- FVV စက်ကို ဝန်ဆောင်မှုရယူသူနှင့် ဝန်ဆောင်မှုပံ့ပိုးသည့် အေဂျင်စီ သို့မဟုတ် Fiscal Employer Agency (ငွေရေးကြေးရေး အလုပ်ရှင် အေဂျင်စီ) (FEA) တို့အကြားသာ ချိတ်ဆက်ပေးနိုင်သည်။
- ဝန်ဆောင်မှုပေးသည့် အေဂျင်စီများစွာက ဝန်ဆောင်မှုရယူသူတစ်ဦးတည်းကို ဝန်ဆောင်မှုများ ပံ့ပိုးပေးနေလျှင် ဝန်ဆောင်မှုပေးသည့် အေဂျင်စီတစ်ခုစီသည် ၎င်းတို့၏ ဝန်ထမ်းများ အသုံးပြုရန်အတွက် FVV ကိရိယာတစ်ခုကို သီးသန့်မှာယူပါမည်။

# FVV အကြောင်းအရာအကျဉ်း

ဝန်ဆောင်မှုပေးသည့် အေဂျင်စီ သို့မဟုတ် FEA က အောက်ပါတို့ကို အတည်ပြုရမည်-

- ဝန်ဆောင်မှုများကို ရက်ပေါင်း 60 ကျော်ကြာ လုပ်ဆောင်ခွင့်ပေးရန် ခန့်မှန်းထားကြောင်း။
- ဝန်ဆောင်မှုရယူသူတွင် ကြိုးဖုန်း သို့မဟုတ် VoIP အိမ်ဖုန်းမရှိပါ။
- ဝန်ဆောင်မှုရယူသူ သို့မဟုတ် အလုပ်သမား မည်သူ့တွင်မှ Mobile Visit Verification (မိုဘိုင်းလ်ဖုန်းဖြင့် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ အတည်ပြုချက်) ဒေတာကောက်ယူမှုအတွက် Sandata Mobile Connect (Sandata မိုဘိုင်းလ် ဆက်သွယ်မှုစနစ်) ကို ပံ့ပိုးနိုင်သည့် စမတ်ဖုန်း သို့မဟုတ် တက်ဘလက် စက်မရှိပါ။
- ဝန်ဆောင်မှုရယူသူတွင် စမတ်ဖုန်း သို့မဟုတ် တက်ဘလက်တစ်ခုရှိသော်လည်း Electronic Visit Verification (အီလက်ထရွန်းနစ်စနစ်ဖြင့် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ စိစစ်အတည်ပြုမှု) (EVV) ရည်ရွယ်ချက်များအတွက် မရရှိနိုင်ပါ။

WISCONSIN DEPARTMENT of HEALTH SERVICES

# FVV စက်အား တောင်းဆိုရန် နည်းလမ်း

# FVV စက်အား တောင်းဆိုရန် နည်းလမ်း

- ပံ့ပိုးသည့် အေဂျင်စီများ သို့မဟုတ် FEA များသည် စက်ကို တောင်းဆိုပါသည်။
- Sandata EVV Portal (ပေါ်တယ်လ်) သို့ ဝင်ရောက်ပါ။
- ဝန်ဆောင်မှုရယူသူကို ရှာပါ။
- Edit Client (ဝန်ဆောင်မှုရယူသူအား ပြင်ဆင်မည်) မျက်နှာပြင်ကို ဝင်ရောက်သုံးစွဲရန်အတွက် Edit (ပြင်ဆင်မည်) အိုင်ကွန်ကို နှိပ်ပါ။



# FVV စက်အား တောင်းဆိုရန် နည်းလမ်း

- ဝန်ဆောင်မှုရယူသူ၏ **Personal (ကိုယ်ရေးကိုယ်တာ)** တဘ်မှနေ၍-
  - ဖော်ပြထားသည့် မှန်ကန်သော လိပ်စာကို အတည်ပြုပါ။
  - **Request Device (ကိရိယာ တောင်းဆိုမည်)** ကို နှိပ်ပါ။



# FVV စက်အား တောင်းဆိုရန် နည်းလမ်း

- **Device Type (စက်အမျိုးအစား)** သည် FVV စက်ဖြစ်ကြောင်း အတည်ပြုပါ။
- **FVV Device Attestation Notice (စက်သက်သေခံချက်ဆိုင်ရာ သတိပေးစာ)** လင့်ခ်ကို နှိပ်ပါ။



# FVV စက်အား တောင်းဆိုရန် နည်းလမ်း

- FVV Device Attestation Notice (စက်သက်သေခံချက်ဆိုင်ရာ သတိပေးစာ) ကို ဖတ်ရှုပြီး သဘောတူပါ။


FVV Device Attestation Notice

Fixed Visit Verification (FVV) devices are the data collection method of last resort. An FVV device should only be requested by the provider agency or FEA if services are anticipated to be authorized for more than 60 days and all of the following criteria are met:

- The member/participant does not have a landline home phone.
- The worker does not have a smart phone or tablet device that would support Sandata Mobile Connect (SMC) for Mobile Visit Verification (MVV) data collection.
- The member/participant does not have a smart phone or tablet device that would support SMC for MVV data collection.
- The member/participant has a smart phone or tablet, but it is not available for EVV purposes.

CLOSE ACCEPT

# FVV စက်အား တောင်းဆိုရန် နည်းလမ်း

- ဝန်ဆောင်မှုရယူသူ၏ လိပ်စာဘေးရှိ ရေဒီယိုခလုတ်ကို ရွေးချယ်ပါ။
- လိပ်စာ မမှန်ကန်ပါက ဝန်ဆောင်မှုရယူသူ **Personal (ကိုယ်ရေးကိုယ်တာ)** တဘ်ပေါ်မှ မှန်ကန်ပြီး စိစစ်အတည်ပြုနိုင်သည့် လိပ်စာကို ထည့်သွင်းပါ။ ညွှန်ကြားမှု ဗီဒီယိုကို ကြည့်ရန်-




https://www.dhs.wisconsin.gov/evv/training-administrators.htm

# FVV စက်အား တောင်းဆိုရန် နည်းလမ်း

- ဖြစ်နိုင်လျှင် တင်ပို့မှု အညွှန်းကို **Special Shipping Instructions (အထူးတင်ပို့မှုညွှန်ကြားချက်များ)** အကွက်အတွင်း ပြသနိုင်ရန်အတွက် တင်ပို့မှုညွှန်ကြားချက်များကို ထည့်သွင်းပါ။
- **Complete Device Request (ကိရိယာ တောင်းဆိုမှု ပြီးပါပြီ)** ကို နှိပ်ပါ။



# FVV စက်အား တောင်းဆိုရန် နည်းလမ်း

- တောင်းဆိုမှုကို အတည်ပြုရန် **OK (အိုကေ)** ကို နှိပ်ပါ။
- **Device successfully requested (စက်က အောင်မြင်စွာ တောင်းဆိုထားသည့်)** မက်ဆေ့ချ်ထွက်ပေါ်လာမည်ဖြစ်သည်။






# FVV ကိရိယာ အချက်အလက်များ

- စက်ကို ဝန်ဆောင်မှုရယူသူနှင့် အလုပ်သမားအတွက် ညွှန်ကြားချက်များနှင့်အတူ ရွေးချယ်ထားသည့် လိပ်စာသို့ စာတိုက်မှတဆင့် ပေးပို့သွားမည်။
- စက်သည် ၎င်းအား အသုံးမပြုတော့သည့်အချိန်အထိ ဝန်ဆောင်မှုရယူသူ၏ နေအိမ်တွင် ဆက်ရှိနေမည်ဖြစ်သည်။
- ကိရိယာကို ဝန်ဆောင်မှုရယူသူ၏ နေအိမ်အတွင်းရှိ မျက်နှာပြင်တစ်ခုတွင် ကပ်ထားရမည်။ နှစ်ဖက်ကပ်တိပ်ကို ထည့်ပေးထားသည်။



WISCONSIN DEPARTMENT *of* HEALTH SERVICES

# FVV လုပ်ငန်းစဉ်

# FVV လုပ်ငန်းစဉ်

FVV သတင်းပို့မှု နည်းလမ်းသည် အဆင့်နှစ်ဆင့်ပါ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်-

- FVV စက်ကို အသုံးပြု၍ အလုပ်သမားသည် ဝန်ဆောင်မှုစတင်သည့်အခါ အပ်နှံစာရင်းသွင်းနိုင်သည့် ဂဏန်းများပါသောကုဒ်ကို ရရှိပြီး ဝန်ဆောင်မှုပြီးဆုံးချိန်တွင် အထက်စာရင်းသွင်းနိုင်သည့် ဂဏန်းများပါသောကုဒ်ကို ရရှိပါမည်။
- ဝန်ဆောင်မှုများကို ပြီးစီးလုပ်ဆောင်ပြီးနောက် အလုပ်သမားထံတွင် တယ်လီဖုန်းအား ဝင်ရောက်သုံးစွဲနိုင်သည့်အခါ ၎င်းတို့သည် FVV ဂဏန်းများပါသောကုဒ်များဖြင့် ခေါ်ဆိုဆက်သွယ်ပါမည်။

# FVV ကိရိယာ အသုံးပြုပုံ

**ရောက်ရှိချိန် စာရင်းသွင်းခြင်း**

- စက်ရှိ ခလုတ်ကို နှိပ်ပြီး လွှတ်လိုက်ပါ။
- ဂဏန်းခြောက်လုံးပါသည့် ဂဏန်းကုဒ်ကို ချရေးထားပါ။ လာရောက်ဝန်ဆောင်မှုပေးခြင်း အချက်အလက်များအား စာရင်းသွင်းသည့်အခါ ၎င်းကို နောက်ပိုင်းတွင် လိုအပ်ပါမည်။
- ဤ ဂဏန်းခြောက်လုံးပါသည့် ကုဒ်သည် လာရောက်ဝန်ဆောင်မှုပေးခြင်း၏ စတင်သည့် ရက်စွဲနှင့် အချိန်ကို ကိုယ်စားပြုသည်။



# FVV ကိရိယာ အသုံးပြုပုံ

**ထွက်ခွာချိန် စာရင်းသွင်းခြင်း**

- စက်ရှိ ခလုတ်ကို နှိပ်ပြီး လွှတ်လိုက်ပါ။
- ဂဏန်းခြောက်လုံးပါသည့် ဂဏန်းကုဒ်ကို ချရေးထားပါ။ လာရောက်ဝန်ဆောင်မှုပေးခြင်းအား စာရင်းသွင်းသည့်အခါ ၎င်းကို နောက်ပိုင်းတွင် လိုအပ်ပါမည်။
- ဤ ဂဏန်းခြောက်လုံးပါသည့် ကုဒ်သည် လာရောက်ဝန်ဆောင်မှုပေးခြင်း၏ အဆုံးသတ် ရက်စွဲနှင့် အချိန်ကို ကိုယ်စားပြုသည်။



# FVV ကိရိယာ အသုံးပြုပုံ

- FVV စက်သည် ၎င်းကို တစ်ခါနှိပ်လျှင် ဂဏန်းခြောက်လုံးပါသည့် ကုဒ်ကို တစ်မျိုးစီ ဖော်ပြပေးသည်။
- ကုဒ်သည် တစ်မိနစ်တစ်ကြိမ် ပြောင်းလဲလျက်ရှိသည်။ တစ်မိနစ်အတွင်း နှိပ်ပါက ကုဒ်သည် မပြောင်းလဲသေးပါ။
- ပထမအကြိမ် ဖတ်ရှုပြီးနောက် ခြောက်မိနစ်ထက်ပိုကြာကြာ နှိပ်ပါက ဂဏန်းများပါသည့်ကုဒ်အသစ်ကို လာရောက်ဝန်ဆောင်မှုပေးခြင်း၏ အဆုံးသတ် အချိန်အဖြစ် အသုံးပြုမည်။

# FVV ဝန်ဆောင်မှုပေးခြင်း ဒေတာ သတင်းပို့ခြင်း

ထို့နောက် အလုပ်သမားသည် ဖုန်းကို ဝင်ရောက်သုံးစွဲခွင့်ရရှိသည့်အခါ ၎င်းတို့သည် FVV လာရောက်ဝန်ဆောင်မှုပေးခြင်းအား အစီရင်ခံခြင်း၏နောက်ဆုံးအဆင့်ကို လုပ်ဆောင်မည်ဖြစ်သည်။

- မခေါ်ဆိုမီ FVV စက်ထံမှ အထွက် စာရင်းသွင်း ဂဏာန်းကုဒ်ကို ရရှိပြီးနောက် 15 မိနစ်ခန့် အနည်ဆုံး စောင့်ဆိုင်းပါ။
- လာရောက်ဝန်ဆောင်မှုပေးခြင်းအား စတင်သည့် ခုနှစ်ရက်အတွင်းတွင် လာရောက်ဝန်ဆောင်မှုပေးခြင်းအား စာရင်းသွင်းခြင်းကို ပြုလုပ်ရမည်။
- ဖုန်းခေါ်ဆိုမှုတစ်ခုတည်းဖြင့် FVV ကုဒ်နှစ်ခုလုံးကို ရိုက်ထည့်ပါ။

# FVV ဝန်ဆောင်မှုပေးခြင်း ဒေတာ သတင်းပို့ခြင်း

- အဆင့်ဆင့် ညွှန်ကြားချက်များအတွက် FVV စက်နှင့်အတူ ပေးပို့လာသည့် Call Reference Guide (ခေါ်ဆိုမှုရည်ညွှန်းလမ်းညွှန်) (CRG) ကို အသုံးပြုပါ။
- လာရောက်ဝန်ဆောင်မှုကို စာရင်းသွင်းရန်အတွက် သတ်မှတ်ထားသည့် အေဂျင်စီဖုန်းနံပါတ်များအနက် တစ်ခုခုကို အသုံးပြုပါ။
- သင်သည် FVV CRG ကို အသုံးပြုထားကြောင်း အတည်ပြုနိုင်ရန်အတွက် CRG ၏ “Features” ("အထူး") အပိုင်းတွင် "Fixed Visit Verification-Yes" ("ပုံသေသတ်မှတ်ထားသည့် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးခြင်းအတွက် စိစစ်အတည်ပြုမှု-ဟုတ်") ဟု ပြသထားခြင်းရှိမရှိ အတည်ပြုပါ။



# FVV ဝန်ဆောင်မှုပေးခြင်း ဒေတာ သတင်းပို့ခြင်း

- FVV နံပါတ်များကို ခေါ်ဆိုသည့်အခါ Sandata သည် ဖုန်းခေါ်ဆိုမှုများအတွက် အောက်ပါ ဘာသာစကားရွေးချယ်စရာများကို ကမ်းလှမ်းပါသည်-

| | | |
|---|---|---|
| English | Hindi | Serbian |
| Egyptian Arabic | Hmong | Somali |
| Burmese | Laotian | Spanish |
| Mandarin Chinese | Nepali | Swahili |
| French | Russian | Vietnamese |

# FVV ဝန်ဆောင်မှုပေးခြင်း ဒေတာ သတင်းပို့ခြင်း

ဂဏန်းပါသည့်ကုဒ်များကို စာရင်းသွင်းရန် အသင့်ရှိနေသည့် အချက်အလက်-

- ဝန်ထမ်း၏ Santrax ID
- Sandata ဝန်ဆောင်မှုရယူသူ၏ ID
- ဂဏန်းခြောက်လုံးပါသည့် ကုဒ် (လာရောက်ဝန်ဆောင်မှုပေးခြင်း စတင်ချိန်တွင် ရရှိထားသည်)
- ဂဏန်းခြောက်လုံးပါသည့် ကုဒ် (လာရောက်ဝန်ဆောင်မှုပေးခြင်း အဆုံးသတ်ချိန်တွင် ရရှိထားသည်)
- ဂဏန်းနှစ်လုံး ဝန်ဆောင်မှု ID
- ဂဏန်းသုံးလုံး လုပ်ငန်းတာဝန် ID များ၊ ပံ့ပိုးသည့် အောဂျင်စီက တောင်းဆိုလျှင်

# FVV ဒေတာ ကောက်ခံမှု မှတ်တမ်း

FVV ဒေတာ ကောက်ခံမှု မှတ်တမ်းပုံစံကို Wisconsin EVV Supplemental Guide (ဖြည့်စွက်လမ်းညွှန်) တွင် တွေ့ရှိနိုင်သည်။ အချပ်ပို F။

**Appendix F—Fixed Visit Verification Data Collection Log**

Make copies of this chart to track FVV data. Make sure the codes are called in to the toll-free phone number assigned. Tasks and service codes are also listed in this appendix.

(Insert your toll-free numbers here: ______________________ or ______________________)

**Member/Participant Name or Sandata Client ID:**

| Worker name and Santrax ID | Date of FVV device use | Write in these details from the FVV visit: | | | | Date verification codes were called in |
|---|---|---|---|---|---|---|
| | | Verification code received when checking in | Verification code received when checking out | Service code * | Tasks and notes (if required) | |
| | | | | | | |
| | | | | | | |

# ဝန်ဆောင်မှုကုဒ်စာရင်း

| ဝန်ဆောင်မှုကုဒ် (HCPCS) | SMC ဝန်ဆောင်မှုကုဒ် | FVV ဝန်ဆောင်မှု ကုဒ် |
|---|---|---|
| **T1019** | 15 မိနစ်ကြာ တစ်ကိုယ်ရေ ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှု | 10 |
| **T1020** | တစ်ရက်တာ တစ်ကိုယ်ရေ စောင့်ရှောက်မှု | 25 |
| **S5125** | 15 မိနစ်ကြာ အထောက်အကူပြု စောင့်ရှောက်မှု။ | 15 |
| **S5126** | အထောက်အကူပြု အိမ်တိုင်ရာရောက် စောင့်ရှောက်မှု/တစ်ရက်တာ | 20 |
| **အတွဲလိုက် (IRIS သီးသန့်)** | အတွဲလိုက် – PCS နှင့် SHC | 30 |

# လုပ်ငန်းတာဝန်များ ID စာရင်း

| လုပ်ငန်းတာဝန် ID | လုပ်ဆောင်ချက်အကြောင်း ဖော်ပြချက် | လုပ်ငန်းတာဝန် ID | လုပ်ဆောင်ချက်အကြောင်း ဖော်ပြချက် |
|---|---|---|---|
| 100 | ရေပန်းဖြင့် ရေချိုးပေးခြင်း/ရေချိုးကန်ထဲတွင် ရေချိုးပေးခြင်း | 105 | အဝတ်ဝတ်ပေးခြင်း/အဝတ်လဲပေးခြင်း |
| 110 | အင်္ဂါအစိတ်အပိုင်းအတုများ/စည်းရသောကျပ်များ/ TEDS | 115 | ဖြီးလိမ်းပြင်ဆင်ပေးခြင်း |
| 120 | အစားစားရာတွင် ကူညီပေးခြင်း | 125 | သွားလာခြင်း |
| 130 | နေရာရွှေ့ခြင်း | 135 | သန့်စင်ခန်းဝင်ခြင်း |
| 200 | ဝမ်းမှန်အောင် ဂရုစိုက်ပေးခြင်း (MOT) | 205 | ဆေးပိုက်သွင်းသည့်နေရာကို ဂရုစိုက်ပေးခြင်း (MOT) |
| 210 | ဂရုစိုက်ရမည့်အဆင့်များစွာပါသော လူနာနေရာချပေးမှု (MOT) | 215 | အစာပိုက်သွင်းသည့်နေရာကို ဂရုစိုက်ပေးခြင်း (MOT) |
| 220 | ဆီးချိုသွေးချိုတိုင်းစက် (MOT) | 225 | ဆေးဝါးများ-ဆေးသောက်ရန် အကူအညီပေးခြင်း/သတိပေးခြင်း (MOT) |
| 230 | အဆစ်အမြစ် အကွေးအဆန့် လုပ်နိုင်စွမ်း (MOT) | 235 | အသက်ရှူစက် အကူအညီ (MOT) |
| 240 | အသားအရေ ထိန်းသိမ်းစောင့်ရှောက်မှု (MOT) | 245 | အစာပိုက်ဖြင့် အစာထည့်ပေးခြင်း (MOT) |
| 250 | အသက်ရှင်သန်မှုအတွက် အရေးအကြီးဆုံး လက္ခဏာများ (MOT) | 255 | ဒဏ်ရာ ပြုစုစောင့်ရှောက်မှု (MOT) |
| 300 | မျက်မှန်/နားကြားကိရိယာ(များ) ထိန်းသိမ်းစောင့်ရှောက်မှု | 305 | အိမ်မှုကိစ္စထိန်းသိမ်းမှု |
| 310 | အဝတ်လျှော်ခြင်း | 315 | အစားအစာ/ဝယ်ယူမှု တိုလီမိုလီပစ္စည်းများ |

WISCONSIN DEPARTMENT of HEALTH SERVICES

# FVV စက်အား ပြန်ပို့ရန် နည်းလမ်း

# FVV စက်အား ပြန်ပို့ရန် နည်းလမ်း

- စက်များကို အောက်ပါ အခြေအနေများတွင် ပြန်ပို့ရမည်-
  - ဝန်ထမ်းက အခြား EVV နည်းလမ်းကို သုံးစွဲနိုင်လျှင်။
  - ဝန်ဆောင်မှုရယူသူတွင် ဝန်ဆောင်မှုများကို လက်ခံရရှိပိုင်ခွင့် မရှိတော့လျှင်။
  - ဝန်ဆောင်မှုပေးသည့် အေဂျင်စီ သို့မဟုတ် FEA က ဝန်ဆောင်မှုများကို ပံ့ပိုးပေးပိုင်ခွင့် မရှိတော့လျှင်။
  - စက်ကို ခြောက်လကြာ အသုံးမပြုခြင်း။
  - စက်သည် ချွတ်ယွင်းချက် မက်ဆေ့ချ်ကို ပြသနေခြင်း။

# FVV စက်အား ပြန်ပို့ရန် နည်းလမ်း

- စက်ကို ပြန်ပို့ရန်အတွက် Wisconsin EVV စားသုံးသူ အကူအညီစင်တာကို ဆက်သွယ်ပါ။
- သင့်ခေါ်ဆိုမှုအတွင်း လိုအပ်မည့် အချက်အလက်-
  - ပံ့ပိုးသည့် အေဂျင်စီ Medicaid ID
  - Sandata အေဂျင်စီ ID
  - FVV စက်၏ စီရီယယ်နံပါတ် (စက်၏ နောက်ကျောရှိ အညွှန်းပေါ်တွင် သို့မဟုတ် FVV အစီရင်ခံစာပေါ်တွင် တွေ့ရှိရသည်)
  - ဝန်ဆောင်မှုရယူသူ၏ အမည်နှင့် Sandata ဝန်ဆောင်မှုရယူသူ၏ ID

WISCONSIN DEPARTMENT *of* HEALTH SERVICES

# FVV အစီရင်ခံစာ

# FVV အစီရင်ခံစာ

- ပံ့ပိုးသည့် အေဂျင်စီများအနေဖြင့် Sandata EVV Portal (ပေါ်တယ်လ်) ရှိ FVV သတ်မှတ် အစီရင်ခံစာကို အသုံးပြုနိုင်သည်။ ဤ အစီရင်ခံစာတွင် ပါဝင်သည့်အရာများ-
  - စက်၏ စီရီယယ်နံပါတ်
  - သတ်မှတ်ပေးထားသည့် ဝန်ဆောင်မှုရယူသူ၏ အမည်
  - စက် ရက်စွဲများ
  - စက် အခြေအနေဖော်ပြချက် ရက်စွဲများ

Report Parameters

Account:

For: 4/6/2021 - 4/6/2021 11:59:59 PM

## Fixed Visit Verification Assignment Report

ACCOUNT:

PROVIDER ID: 9021099

| SERIAL NUMBER | CLIENT NAME | CLIENT ID | MEDICAID ID | ASSIGNED DATE | UNASSIGNED DATE | FIRST USED DATE | LAST USED DATE |
|---|---|---|---|---|---|---|---|
| 03092020 | | 706878 | 201808108723 | 04/15/2020 | 12/30/2999 | | |
| 10000800 | | 927261 | 836352178494 | 04/27/2020 | 12/30/2999 | | |
| 09J | | 657711 | 213231231231 | 12/24/2020 | 12/30/2999 | | |
| 1230456 | | 381383 | | 05/27/2019 | 12/30/2999 | | |

Grand Total Assignments: 4

WISCONSIN DEPARTMENT *of* HEALTH SERVICES

# FVV ပြဿနာဖြေရှင်းခြင်း

# FVV ဝန်ဆောင်မှုရယူသူ အိုင်ဒီ မှားယွင်းနေသည်

**“No FVV registered. Please re-enter the client ID or press the pound (#) key to continue.” (“FVV ကို စာရင်းသွင်းမထားပါ။ ရှေ့ဆက်ရန် ဝန်ဆောင်မှုရယူသူ ID ကို ပြန်ရိုက်ထည့်ပါ သို့မဟုတ် ပေါင်သင်္ကေတ (#) ခလုတ်ကို နှိပ်ပါ။”)**

- အလုပ်သမားသည် Sandata ဝန်ဆောင်မှုရယူသူ ID ကို မမှန်မကန် ထည့်သွင်းပါက ဤ Santrax ဖုန်း မက်ဆေ့ချ်ကို တွေ့ရှိရမည်။
- ဤ မက်ဆေ့ချ်သည် စက်ကို ခြောက်လကြာ အသုံးမပြုဘဲထားပြီးနောက် စက်သေသွားသည့်အခါလည်း ထွက်ပေါ်လာမည်ဖြစ်သည်။

# FVV ဝန်ဆောင်မှုရယူသူ အိုင်ဒီ မှားယွင်းနေသည်

အလုပ်သမားအနေဖြင့် Sandata ဝန်ဆောင်မှုရယူသူ၏ ID နှင့် ပတ်သက်၍ အခက်အခဲရှိပါက လုပ်ဆောင်သင့်အရာ-

- Sandata ဝန်ဆောင်မှုရယူသူ၏ ID ကို စိစစ်အတည်ပြုပြီး နောက်တစ်ကြိမ် ရိုက်ထည့်ပါ။
- ဖုန်းချပြီး ပြန်ခေါ်ကာ နံပါတ်များကို သေသေချာချာ ရိုက်ထည့်ပါ။
- မှန်ကန်သည့် Sandata ဝန်ဆောင်မှုရယူသူ၏ ID ကို ရရှိနိုင်ရန် ပံ့ပိုးသည့် အေဂျင်စီကို ဆက်သွယ်ပြီး နောက်တစ်ကြိမ် ခေါ်ဆိုကြည့်ပါ။

# မမှန်ကန်သည့် FVV နံပါတ်ကို ရိုက်ထည့်ထားသည်

**“Invalid numeric code, please try again.” ("ကိန်းဂဏာန်းကုဒ် မမှန်ကန်ပါ၊ နောက်တစ်ကြိမ် ထပ်မံ ကြိုးစားကြည့်ပါ။")**

- အလုပ်သမားသည် ဂဏာန်းခြောက်လုံးပါသည့် FVV နံပါတ်ကို မမှန်မကန် ထည့်သွင်းပါကလည်း ဤ Santrax ဖုန်း မက်ဆေ့ချ်ကို တွေ့ရှိရမည်။
- အလုပ်သမားသည် ဂဏာန်းခြောက်လုံးပါသည့် FVV နံပါတ်ကို နောက်တစ်ကြိမ် ရိုက်ထည့်ရန်အတွက် 1 ကို နှိပ်သင့်ပါသည်။ FVV ခေါ်ဆိုမှု ဆက်လုပ်ရန် ၎င်းတို့က တုံ့ပြန်ပါမည်။
- မက်ဆေ့ချ်သည် အကြိမ်ကြိမ် ထွက်ပေါ်နေပါက အလုပ်သမားသည် လာရောက်ဝန်ဆောင်မှုပေးသည့်ရက်စွဲကို ပံ့ပိုးသည့် အေဂျင်စီထံ အစီရင်ခံသင့်ပြီး လာရောက်ဝန်ဆောင်မှုပေးခြင်းကို ကိုယ်တိုင် ထည့်သွင်းနိုင်ပါသည်။

# FVV နံပါတ် ရိုက်ထည့်မထားပါ

**“You have not entered any numeric codes. ("သင်သည် မည်သည့် ဂဏန်းပါသော ကုဒ်များကိုမှ မရိုက်ထည့်ရသေးပါ။) Press 1 to return or press the pound (#) key to continue.” (ပြန်သွားရန် 1 ကို နှိပ်ပါ သို့မဟုတ် ရှေ့ဆက်ရန် ပေါင် သင်္ကေတ (#) ခလုတ်ကို နှိပ်ပါ။”)**

ဤ Santrax ဖုန်းမက်ဆေ့ချ်ကို တွေ့ရှိရပါက အလုပ်သအားအနေဖြင့် လုပ်ဆောင်သင့်သည့်အရာ-

- ကြယ်ပွင့် (*) ခလုတ်ကို မှားနှိပ်မိပြီး FVV ဖုန်းခေါ်ဆိုခြင်းမဟုတ်လျှင် ဖုန်းချလိုက်ပါ။
- FVV ဂဏန်းကုဒ်ကို သိရှိပါက FVV ဂဏန်းကုဒ်ကို ပြန်ရိုက်ထည့်ပါ။
- မက်ဆေ့ချ်သည် ထပ်မံပေါ်ပေါက်နေပါက ပံ့ပိုးသည့် အေဂျင်စီကို ဆက်သွယ်လျှင် လာရောက်ဝန်ဆောင်မှုပေးခြင်းကို ကိုယ်တိုင် ထည့်သွင်းနိုင်ပါသည်။

WISCONSIN DEPARTMENT of HEALTH SERVICES

# ရင်းမြစ်များ

# ရင်းမြစ်များ

- EVV Customer Care စားသုံးသူ အကူအညီစင်တာ၊ ဖုန်း 833-931-2035၊ တနင်္လာနေ့မှ သောကြာနေ့အထိ၊ နံနက် 7 နာရီမှ ညနေ 6 နာရီအထိ။
- အီးမေးလ်မှတဆင့် အကူအညီရယူရန် လိပ်စာ၊ VDXC.ContactEVV@wisconsin.gov
- အောက်ပါတို့နှင့် ပတ်သက်၍ နောက်ထပ်အချက်အလက်များ သိရှိနိုင်ရန် EVV ဝဘ်စာမျက်နှာ https://www.dhs.wisconsin.gov/evv/index.htm -
  - သင်တန်း ရင်းမြစ်များ
  - Wisconsin ရှိ EVV
  - ForwardHealth Portal (ပေါ်တယ်လ်)

WISCONSIN DEPARTMENT of HEALTH SERVICES

# ကျေးဇူးတင်ပါတယ်။